**Press Release**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် Airports Council International (ACI) ၏ (APEX Programme) ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင်ပါဝင်ခဲ့

**ရန်ကုန်- စက်တင်ဘာ ၁၁ ရက်၊ ၂၀၁၈ ခုနှစ်** - ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် Airports Council International (ACI) ၏ APEX Programme အရ စက်တင်ဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေဆိပ်လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးစစ်ဆေးအကဲဖြတ်မှုများ၊ လေယာဉ်ဆိုက်ကပ်ရပ်နားရာ ဧရိယာရှိ လေဆိပ်အဆောက်အအုံများ၊ ကယ်ဆယ်ရေး၊ မီးသတ်ဂန်ဆောင်မှု နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်တို့ကို အကဲဖြတ်စစ်ဆေးသည့် လုပ်ငန်းစဉ်များဆောင်ရွက်မှုကို လက်ခံကြိုဆိုဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေဆိပ်ဂန်ဆောင်မှုလုပ်ငန်းများကို တာဂန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited (YACL) သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လက်ရှိတွင် ကျင့်သုံးနေသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံနှုန်းများနှင့်တကွ အနာဂတ်တွင် လိုအပ်လာမည့်စံနှုန်းအချက်များပေါ် အခြေခံ၍ လေဆိပ်၏ ဂန်ဆောင်မှုလုပ်ငန်းများ နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီစေရေး အစရှိသော လိုအပ်သည့် ဖြည့်တင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ပြုလုပ်နိုင်ရန် အဆိုပါ အကဲဖြတ်စစ်ဆေးအဖွဲ့အား ဖိတ်ခေါ် ခဲ့ခြင်းဖြစ်ပါသည်။




*YACL မှ တာဂန်ရှိသူများအား APEX အဖွဲ့သားများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့ပြီးနောက် တွေ့ရစဉ်*

APEX team တွင် ကနေဒါနိုင်ငံ Montreal ရှိ ACI ရုံးချုပ် ၊ Bangalore အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် အိန္ဒိယရှိ ဒေလီ အပြည်ပြည်ဆိုင်ရာလေဆိပ်( Airports of Mauritius Co Ltd) နှင့် အမေရိကန်နိုင်ငံ တက္ကဆက်ရှိ San Antonio အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ လေဆိပ် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြုပြင်ထိန်းသိမ်းရေး နှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ပါသည်။

YACL သည် ACI နှင့်အတူ ပိုမိုကောင်းမွန်သော ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လေဆိပ်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာတွင် ၎င်းတို့၏ ရည်ရွယ်ထားကြသည့် လေဆိပ်လုပ်ငန်းများကို စီမံခန့်ခွဲလုပ်ကိုင်ရာတွင် ထင်ရှားကျော်ကြားမှုနှင့်အတူ အသိအမှတ်ပြုခံရဆုံးဖြစ်သော Airport Operations Management Programmes (APEX) အရ အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း ကြေငြာချက်ထုတ်ပြန်နိုင်ခဲ့ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ ၊အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုအစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး တိုကျို၊ ဒူဘိုင်း၊ စင်္ကာပူ၊ ဘေကျင်းနှင့် နယူးဒေလီအစရှိသော မြို့ကြီးများနှင့်လည်း ၆နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၆ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။